ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

**အတွဲ ၁၀ ၊ အမှတ် ၁၀** **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁**

## ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ အကောက်ခွန်ဦးစီးဌာနရှိ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ သြဝါဒအမှာစကားပြောကြားခြင်း အခမ်းအနားကျင်းပ




**ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ အကောက်ခွန်ဦးစီးဌာနရှိ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ သြဝါဒအမှာစကားပြောကြားစဉ်။**

၂၆-၁၂-၂၀၂၄ ရက်နေ့ ၁၀:၀၀ နာရီတွင် ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) သို့ ရောက်ရှိခဲ့ပြီး ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနခွဲညွှန်ကြားရေးမှူးများအား အကောက်ခွန်ဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ လမ်းညွှန်အမှာစကားပြောကြားခဲ့ပါသည်။ ထိုသို့တွေ့ဆုံစဉ် ညွှန်ကြားရေးမှူးချုပ်မှ အကောက်ခွန်ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအား တင်ပြခဲ့ပြီး ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့ပါသည်။ ဆက်လက်၍ ၁၃:၀၀ နာရီတွင် အကောက်ခွန်ဦးစီးဌာန၊ ဇေယျာသီဟအစည်းအဝေးခန်းမ၌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် အရာထမ်းအင်အား စုစုပေါင်း (၁၇၀) ဦးအား သြဝါဒစကားပြောကြားခဲ့ပါသည်။







**တက်ရောက်လာကြသောဝန်ထမ်းများမှ လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသောအခက်အခဲများကို ပြည်ထောင်စုဝန်ကြီးအား တင်ပြစဉ်။**

သြဝါဒစကားပြောကြားရာ၌ အကောက်ခွန်ဦးစီးဌာနသည် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေများအား အဓိကရှာဖွေပေးရသည့်ဌာနတစ်ခုဖြစ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများတွင်လည်း အဓိကတာဝန်ယူဆောင်ရွက်ရသည့် ဌာနဖြစ်သည့်အတွက် တာဝန်ရှိသူများအနေဖြင့် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများအတိုင်း တိကျစွာ လိုက်နာကျင့်ကြံဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ထို့ပြင် ပြည်သူကို ဝန်ဆောင်မှုပေးရသည့်ဌာနဖြစ်သောကြောင့် လုပ်ငန်းတာဝန်များ ထမ်းဆောင်ကြရာတွင် အဂတိတရား ကင်းရှင်းစွာဖြင့် တာဝန်ထမ်းဆောင်ရန် လိုအပ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင်လည်း နိုင်ငံတော် အတွက် အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်အစရှိသည့် အခွန်အရပ်ရပ်ကို အပြည့်အဝ ကောက်ခံနိုင်ရန် လိုအပ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများဖြစ်ကြသည့်အားလျော်စွာ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုး အတွက်ကြိုးပမ်းတာဝန်ထမ်းဆောင်ကြရန် လိုအပ်ကြောင်း၊ စည်းမျဉ်းစည်းကမ်းညွှန်ကြား ချက်များကို လိုက်နာခြင်း၊ ဥပဒေ၊ နည်းဥပဒေများအတိုင်း ကျင့်ကြံဆောင်ရွက်ခြင်း၊ အဂတိတရားကင်းရှင်း စွာဖြင့် တာဝန်ထမ်းဆောင်ခြင်းတို့ဖြင့် နိုင်ငံ့ဝန်ထမ်းကောင်းများ ပီသစွာ ကြိုးပမ်းဆောင်ရွက်ကြစေလို ကြောင်း၊ မိမိဌာနနှင့် ဝန်ကြီးဌာနအတွက် ဂုဏ်ဆောင်ဝန်ထမ်းများဖြစ်ကြစေလိုကြောင်း တိုက်တွန်းမှာကြားခဲ့ ပါသည်။ ထို့နောက် တက်ရောက်လာသူများမှ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့်အခက်အခဲ များကို တင်ပြရာ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ လိုအပ် သည်များ ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့ပါသည်။

# ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းနယ်မြေ၊ သီလဝါဆိပ်ကမ်းနယ်မြေ နှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တို့တွင် တရားမဝင်ကုန်သွယ်မှု လျော့နည်းပပျောက် စေရေးနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ




**ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းနယ်မြေ၊ သီလဝါဆိပ်ကမ်းနယ်မြေနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တို့တွင် တရားမဝင်ကုန်သွယ်မှု လျော့နည်းပပျောက်စေရေးနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေမှ အမှာစကားပြောကြားစဉ်။**

ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းနယ်မြေ၊ သီလဝါဆိပ်ကမ်းနယ်မြေ နှင့်ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တို့တွင်တရားမဝင်ကုန်သွယ်မှု လျော့နည်းပပျောက်စေရေးနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား ၁၆-၁၂-၂၀၂၄ ရက်နေ့ ၀၉:၀၀ နာရီတွင် အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)၊ ဇေယျာသီဟအစည်းအဝေးခန်းမ၌ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ညွှန်ကြားရေးမှူးများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေးကျင်းပခြင်း၏ ရည်ရွယ်ချက်မှာ ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းနယ်မြေ၊ သီလဝါဆိပ်ကမ်းနယ်မြေနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တို့တွင် တရားမဝင်ကုန်သွယ်မှု လျော့နည်းပပျောက်စေရေးနှင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များအား ထိရောက်စွာဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ပါသည်။




**ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းနယ်မြေ၊ သီလဝါဆိပ်ကမ်းနယ်မြေနှင့်ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တို့တွင် တရားမဝင်ကုန်သွယ်မှု လျော့နည်းပပျောက်စေရေးနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာသူများမှ ပြန်လည်တင်ပြဆွေးနွေးစဉ်။**

အဆိုပါအစည်းအဝေးတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ဝင်များအနေဖြင့် တရားမဝင်ကုန်သွယ်မှုများအား တိုက်ဖျက်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးရမည့်နည်းလမ်းများနှင့် အဖွဲ့ဝင်များအကြား တရားမဝင်ကုန်သွယ်မှုနှင့်ပတ်သက်သည့် သတင်းအချက်အလက်များရရှိစေရေးအတွက် ထိရောက်စွာကြိုးပမ်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း အစည်းအဝေးတွင် ဆွေးနွေးပြောကြားခဲ့ပြီး အစည်းအဝေးအား နေ့လည် ၁၁:၁၅ နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။

# ပြည်တွင်းစက်မှုကုန်ထုတ်လုပ်ငန်းများရေရှည်ရပ်တည်နိုင်ရေးအတွက် ပြည်ပမှ ကုန်ချော တင်သွင်းမှုများကို လျှော့ချနိုင်ရေး အကောက်ခွန်နှုန်းထားများအား ပြန်လည်သုံးသပ်၍ လျှာထားအကောက်ခွန်နှုန်းထားများအပေါ် အတည်ပြုညှိနှိုင်းဆွေးနွေးခြင်းနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကျင်းပ



ပြည်တွင်းစက်မှုကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ပြည်ပမှကုန်ချောတင်သွင်းမှုများကို လျှော့ချနိုင်ရေး အကောက်ခွန်နှုန်းထားများအား ပြန်လည်သုံးသပ်၍ လျှာထားအကောက်ခွန်နှုန်းထားများအပေါ် အတည်ပြုညှိနှိုင်းဆွေးနွေးခြင်းနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေမှ ဆွေးနွေးပြောကြားစဉ်။

ပြည်တွင်းစက်မှုကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ပြည်ပမှကုန်ချောတင်သွင်းမှုများကိုလျှော့ချနိုင်ရေး အကောက်ခွန်နှုန်းအား ပြန်လည်သုံးသပ်၍ လျှာထားအကောက်ခွန်နှုန်းထားများအပေါ် အတည်ပြုညှိနှိုင်းဆွေးနွေးခြင်းနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးအား ၇-၁၂-၂၀၂၄ ရက်နေ့ ၁၃:၀၀ နာရီတွင် အကောက်ခွန်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ညွှန်ကြားရေးမှူးများနှင့် HS Sectionမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေး ကျင်းပခြင်း၏ ရည်ရွယ်ချက်မှာ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ (၆/၂၀၂၃) ကြိမ်မြောက် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက် အပိုဒ်(၃)တွင် “ ပြည်တွင်းစက်မှုကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက်ပြည်ပမှ ကုန်ချောတင်သွင်းမှုများကို လျှော့ချနိုင်ရေး သက်ဆိုင်ရာဌာနများမှ အခွန်နှုန်းထားများမြှင့်တင်၍ တားမြစ်ခြင်းနှင့် နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့် လိုက်လျောညီထွေစွာဆောင်ရွက်ခြင်းဖြင့် ထိရောက်စွာ တားဆီးဖမ်းဆီးမှုများကို စနစ်တကျဆောင်ရွက်ရန် ” ဟူသော ဆုံးဖြတ်ချက်အရ

ပြည်တွင်းစက်မှုကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်သည့် ကုန်ချောပစ္စည်းများအား အခွန်နှုန်းထားတိုးမြှင့်ရန်နှင့် ပြည်တွင်း၌ ထုတ်လုပ်နိုင်ခြင်းမရှိသည့် ကုန်ကြမ်းပစ္စည်း/ ကုန်ချောပစ္စည်းများ၏ အခွန်နှုန်းထားများအား ပြန်လည်သုံးသပ်ရန်ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ပါသည်။ အဆိုပါအစည်းအဝေးတွင် ပြည်တွင်းစက်မှုကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ပြည်ပမှကုန်ချောတင်သွင်းမှုများကို လျှော့ချနိုင်ရေး မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၂၂ ရှိ အခန်း (၁) မှ (၉၇) အထိ ကုန်ပစ္စည်းများနှင့်ပတ်သက်၍ အကောက်ခွန်နှုန်းလျှော့ထားမှုများကို အတည်ပြုသတ်မှတ်ခဲ့ပြီး အစည်းအဝေးအား နေ့လည် ၁၅:၃၀ နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲမှ အကောက်ခွန်ဦးစီးဌာနနှင့် သက်ဆိုင်သော မူပိုင်ခွင့်ဥပဒေရေးရာများ၊ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ သင်တန်းကျင်းပ




**အကောက်ခွန်ဦးစီးဌာန၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲမှ အကောက်ခွန်ဦးစီးဌာနနှင့် သက်ဆိုင်သောမူပိုင်ခွင့်ဥပဒေရေးရာများ၊ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ သင်တန်းတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ( စစ်ဆေးရေးနှင့် အခွန်ကြီးကြပ်ရေး ) ဦးအောင်ဆန်းထွန်းမှ အဖွင့်အမှာစကားပြောကြားစဉ်။**

အကောက်ခွန်ဦးစီးဌာန၊ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာသင်တန်းအား ၁၆-၁၂-၂၀၂၄ ရက်နေ့ ၈:၁၅ နာရီတွင် စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ လေ့ကျင့်ရေးဌာနစု (သင်တန်းကျောင်း) ၌ ဒုတိယညွှန်ကြားရေးမှူးချုပ်မှ ဦးဆောင်၍ သင်တန်းဖွင့်ပွဲအားကျင်းပခဲ့ပြီး ဖွင့်ပွဲအခမ်းအနားသို့ အကောက်ခွန်ဦးစီးဌာနမှတာဝန်ရှိသူများ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ အသိဉာဏ်ပစ္စည်းဆိုင်ရာလုပ်ငန်းရှင်များအသင်းတို့မှ တက်ရောက်ခဲ့ကြပါသည်။ သင်တန်းကျင်းပခြင်း၏ ရည်ရွယ်ချက်မှာ ၂၀-၉-၂၀၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီ၏ (၂/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်တွင်ပါဝင်သည့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ လိုက်ပါဆောင်ရွက်ရမည့် ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ပညာရှင်များအားဖိတ်ခေါ်၍ သင်တန်းများဆွေးနွေး ပို့ချရန်နှင့် မူပိုင်ခွင့်ဆိုင်ရာအသိပညာပေးခြင်းနှင့်စွမ်းဆောင်ရည်မြှင့် တင်ခြင်းဆိုင်ရာ လုပ်ငန်း စဉ်များတွင် သက်ဆိုင်ရာအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်သွားရန်ဟု ဖော်ပြပါရှိပါသဖြင့် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ပါသည်။ အဆိုပါ သင်တန်းတွင် မြန်မာနိုင်ငံအသိဉာဏ်ပစ္စည်းဆိုင်ရာလုပ်ငန်း ရှင်များအသင်းရှိ သင်တန်းဆရာများမှ အကောက်ခွန်ဦးစီးဌာနနှင့် သက်ဆိုင်သောမူပိုင်ခွင့်ဥပဒေရေးရာများ၊ အကောက်ခွန်ဦးစီးဌာနအတွက် အသိဉာဏ်ဆိုင်ရာ အထောက်အကူပြုလက်စွဲများ၊ မြန်မာနိုင်ငံတွင် ကုန် အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အကာအကွယ်ပေးခြင်းကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ဖွဲ့စည်းပုံအရ လစ်လပ်လျက်ရှိသော အလုပ်သင်ဒုတိယ အကောက်ခွန်မှူး၊ ဒုတိယလက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး၊ အကောက်ခွန်ထိန်း နှင့် ယာဉ်မောင်း-၅ နေရာတို့အား ပြင်ပမှ ခေါ်ယူခန့်ထားနိုင်ရေးအတွက် ရေးဖြေစာမေးပွဲများကျင်းပ





**အကောက်ခွန်ဦးစီးဌာန၏ ဖွဲ့စည်းပုံအရ လစ်လပ်လျက်ရှိသော ရာထူးနေရာများအတွက် သတ်မှတ်ချက်များနှင့် ကိုက်ညီသူများအား ရာထူးအလိုက် ရေးဖြေစာမေးပွဲများဆန်းစစ်ခြင်းကို ဒုတိယညွှန်ကြားရေးမှူးချုပ် (စစ်ဆေးရေးနှင့်အခွန်ကြီးကြပ်ရေး) ဦးအောင်ဆန်းထွန်းမှ လိုက်လံကြည့်ရှု စစ်ဆေးစဉ်။**

အကောက်ခွန်ဦးစီးဌာန၏ ဖွဲ့စည်းပုံအရ လစ်လပ်လျက်ရှိသော အလုပ်သင်ဒုတိယ အကောက်ခွန်မှူး ရာထူး (၄၀) နေရာ၊ ဒုတိယလက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူးရာထူး (၁၀)နေရာ၊ အကောက်ခွန် ထိန်းရာထူး (၁၅)နေရာနှင့် ယာဉ်မောင်း-၅ရာထူး (၁၀)နေရာ စုစုပေါင်း (၇၅)နေရာတို့အား ပြင်ပမှ ခေါ်ယူ ခန့်ထားနိုင်ရေးအတွက် လျှောက်ထားသူ (၅၂၀) ဦးအနက်မှ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများအား ရာထူး များအလိုက် ရေးဖြေဆန်းစစ်စာမေးပွဲများအား ကျင်းပပြုလုပ်ခဲ့ပါသည်။ ယာဉ်မောင်း-၅ ရာထူးအတွက် ၁၉-၁၂-၂၀၂၄ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်ရှိ အမှတ် (၁) အလုံအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း (AIPT) တွင် ယာဉ်မောင်းကျွမ်းကျင်မှုစစ်ဆေးခြင်းနှင့် ၂၀-၁၂-၂၀၂၄ ရက်နေ့တွင် လူတွေ့စစ်ဆေး ခြင်းအား ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ၌လည်းကောင်း၊ အလုပ်သင်ဒုတိယအကောက်ခွန်မှူးရာထူး၊ ဒုတိယလက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူးရာထူးနှင့် အကောက်ခွန်ထိန်း ရာထူးနေရာများအတွက် ရေးဖြေဆန်းစစ်စာမေးပွဲအား အမှတ် (၆)၊ အခြေခံပညာအထက်တန်းကျောင်း၊ ဗိုလ်တထောင်မြို့နယ်၌ ၂၁-၁၂-၂၀၂၄ ရက်နေ့တွင်လည်းကောင်း၊ ဒုတိယလက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူးရာထူးအတွက် ကွန်ပျူတာဆန်းစစ်စာမေးပွဲအား မဟာဗန္ဓုလမ်းနှင့် (၄၉/၅၀) လမ်းထောင့်၊ အကောက်ခွန်သင်တန်းကျောင်း ၌ ၂၄-၁၂-၂၀၂၄ ရက်နေ့တွင်လည်းကောင်း အသီးသီးကျင်းပပြုလုပ်ခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၊ စုံစမ်းစစ်ဆေးရေးနှင့်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဌာနခွဲမှ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲကျင်းပ



**အကောက်ခွန်ဦးစီးဌာန၊ စုံစမ်းစစ်ဆေးရေးနှင့်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဌာနခွဲမှ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲကျင်းပစဉ်။**

အကောက်ခွန်ဦးစီးဌာန၊ စုံစမ်းစစ်ဆေးရေးနှင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဌာနခွဲသည် ၂၄-၁၂-၂၀၂၄ ရက်နေ့၊ နံနက် (၀၈:၃၀) နာရီတွင် စုံစမ်းစစ်ဆေးရေးနှင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဌာနခွဲ၊ အစည်းအဝေးခန်းမ၌ ညွှန်ကြားရေးမှူး (စစရ) ဦးချစ်ဝင်းမှ ဦးဆောင်၍ ဝန်ထမ်းအင်အား (၅၇) ဦး တို့ဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ သမိုင်းကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်မှ နိုင်ငံတကာနှင့်အတူပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ အကောက်ခွန်ဦးစီးဌာနအနေဖြင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်နေမှုအခြေအနေ၊ အဂတိလိုက်စားမှုဖြစ်နိုင်ခြေဆန်းစစ်လေ့လာချက် Corruption Risk Assessment (CRA) များအကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ အခန်း (၁) ဥပဒေပုဒ်မ ၃(က)(၁)၊ အခန်း (၁) ဥပဒေပုဒ်မ ၃(က)(၂) ၊ အခန်း(၁) ကျော်စောသတင်း (ဥပဒေပုဒ်မ-၃(ဂ))၊ အခန်း (၁) အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်း (ဥပဒေပုဒ်မ -၃(ဃ)) တို့အား တက်ရောက်ကြသည့်ဝန်ထမ်းများနှင့်အတူ ဆွေးနွေးခဲ့ကြပါသည်။

# အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေးမှုအတတ်ပညာသင်ကျောင်း (တောင်ငူ) ရှိ ဦးစီးအရာရှိ (စုံစမ်းရေး) လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းပို့ချခြင်း



**အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေးမှုအတတ်ပညာသင်ကျောင်း ဦးစီးအရာရှိ (စုံစမ်းရေး) လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းတွင်အကောက်ခွန်ဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းမင်းမှ အကောက်ခွန်ဥပဒေနှင့် ဆက်စပ်ဥပဒေများအကြောင်း ရှင်းလင်းဆွေးနွေးစဉ်။**

အကောက်ခွန်ဦးစီးဌာန၊ ဥပဒေရေးရာဌာနခွဲမှ ၂၄-၁၂-၂၀၂၄ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန၊ စုံစမ်းစစ်ဆေးမှုအတတ်ပညာသင်ကျောင်း (တောင်ငူ)၌ ဦးစီးအရာရှိ(စုံစမ်းရေး) လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းအမှတ်စဉ် (၉) တွင် အကောက်ခွန်ဥပဒေများနှင့် ဆက်စပ်ဥပဒေများ အကြောင်း ရှင်းလင်းပို့ချခဲ့ပြီး အမေးအဖြေကဏ္ဍများဖြင့် ဆွေးနွေးခဲ့ကြပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ဓမ္မစကြာဝတ်ရွတ်အသင်းမှ ဓမ္မစကြာ၊ ပဋ္ဌာန်းဒေသနာတော်တို့ ရွတ်ဖတ်ပူဇော်ခြင်း




**အကောက်ခွန်ဦးစီးဌာန၊ ဝန်ထမ်းများမှ ဓမ္မစကြာ၊ ပဋ္ဌာန်းဒေသနာတော်တို့အား ရွတ်ဖတ်ပူဇော်စဉ်။**

အကောက်ခွန်ဦးစီးဌာနတွင် ဓမ္မစကြာ၊ ပဋ္ဌာန်းဒေသနာတော်တို့အား ရွတ်ဖတ်ပူဇော်နိုင်ရေးအတွက် အဖွဲ့တစ်ဖွဲ့တွင် ဝန်ထမ်းအင်အား (၃၀) ဦးခန့်ဖြင့် အဖွဲ့ (၂) ဖွဲ့ခွဲ၍ ရွတ်ဖတ်ပူဇော်လျက်ရှိပြီး အဖွဲ့တစ်ဖွဲ့လျှင် လက်ထောက်ညွှန်ကြားရေးမှူး (၂) ဦးမှ ဦးဆောင်၍ ၁၃-၁၂-၂၀၂၄ ရက်နေ့နှင့် ၂၇-၁၂-၂၀၂၄ ရက်နေ့များတွင် ရွတ်ဖတ်ပူဇော်ခဲ့ပါသည်။

**အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၃၆၃၃၅.၉၁၉ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်း၊ အထူးကင်း၊ ရန်ကုန်စာတိုက်နှင့် အကောက်ခွန်နယ်မြေဒေသများ၌ တင်သွင်း / တင်ပို့ခွင့် စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိဘဲ တင်သွင်း / တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေ တားဆီးအရေးယူမှုများ ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာလ (၁) ရက် မှ (၃၁) ရက်အထိ စုစုပေါင်း တားဆီး / ဖမ်းဆီးမှု (၄၈၀) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးကျပ် (၃၆၃၃၅.၉၁၉) သန်း ဖြစ်ပါသည်။

**ရန်ကုန် တားဆီး/ ဖမ်းဆီးမှု**




၁၇-၁၂-၂၀၂၄ ရက်နေ့တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း (AWPT) ၌ Fast Carries Solutions Co.,Ltd မှ (IL No - OVSIL12425003962) (24.4.2024)၊ (ID No–100291752260) (5.12.2024) ဖြင့် တင်သွင်းလာသော ပေ ၄၀ ကုန်သေတ္တာ (၄) လုံးအား လေလံအထူးအဖွဲ့နှင့် ဆိပ်ကမ်းတာဝန်ကျအဖွဲ့မှ စစ်ဆေးရာ သွင်းကုန်လိုင်စင်တင်ပြနိုင်ခြင်းမရှိသော (B/N Construction Materials) (Device Combining Lighting And Ventilation) (300 U = 500 KG) (C/O – China) (48 Kg) အပါအဝင်ပစ္စည်း (၄၄) မျိုး (Total – 7,789 U)(13112.1 KG) စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ်-(၃၂၉,၁၆၆,၂၂၂/-) ခန့်အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၄ ခုနှစ် ၊ ဒီဇင်ဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၃၆၃၃၅.၉၁၉ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

**ရန်ကုန် တားဆီး/ ဖမ်းဆီးမှု**




၆-၁၂-၂၀၂၄ ရက်နေ့တွင် မြန်မာ့စက်မှုဆိပ်ကမ်း (MIP)၌ Ivory Coast Asia International Co.,Ltd မှ ID No- 100291622210 (3.12.2024) ဖြင့် တင်သွင်းလာသော ပေ၄၀ ကုန်သေတ္တာ (၄) လုံးအား အထူးအဖွဲ့နှင့် စစရဌာနခွဲတို့၏ (Suspect) အရ ဆိပ်ကမ်းတာဝန်ကျအဖွဲ့ဖြင့် စစ်ဆေးရာ တင်သွင်းပစ္စည်းများ ကိုက်ညီမှန်ကန်သော်လည်း Import Licence ပါ H.S Code နှင့် မျက်မြင်စစ်ဆေးတွေ့ရှိချက်ပစ္စည်း၏ H.S Code ကွဲလွဲနေသော (Brand New Personal Goods Pe Tarpaulin) (Brand- Mahar Eagle) (C/O- China) (Size- 5’ x 5’ to 60’ x 60’) (3765 Pkgs) (99560 Kg) ခန့်မှန်းတန်ဖိုးကျပ် - (၂၅၀,၈၉၁,၂၀၀/-) ခန့်အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၄ ခုနှစ် ၊ ဒီဇင်ဘာလတွင်း ခန့်မှန်းတန်ဖိုးကျပ် (၃၆၃၃၅.၉၁၉ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

### နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု



၄-၁၂-၂၀၂၄ ရက်နေ့ ၁၅:၂၀ နာရီတွင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့မှ အဖွဲ့ဝင်များသည် နမ့်ခမ်း-မူဆယ်လမ်းမဘေးတစ်နေရာ၌ စုပုံထားသော ဆာလာအိတ်များအား တွေ့ရှိရသဖြင့် စစ်ဆေးရာ ဆာလာအိတ်များအတွင်းမှ အကောက်ခွန်မဲ့ကုန်ပစ္စည်းများဖြစ်သည့် ကျောက်စိမ်းဟုယူဆရသော လက်ကောက်ကွင်းအကြမ်းထည်များ (ဆိုဒ်စုံ) တွေ့ရှိသဖြင့် ၁၅:၃၀ နာရီအချိန်တွင် မူဆယ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ လာရောက်အပ်နှံခဲ့ရာ ခန့်မှန်းတန်ဖိုးကျပ်- (၁၂၇,၀၆၅,၀၀၀/-) ခန့်အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၄ ခုနှစ် ၊ ဒီဇင်ဘာလတွင်း ခန့်မှန်းတန်ဖိုးကျပ် (၃၆၃၃၅.၉၁၉ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

**နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု**








၂၂-၁၂-၂၀၂၄ ရက်နေ့ ဝ၃:ဝဝ နာရီတွင် မန္တလေးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ တာဝန်ကျဝန်ထမ်းများသည် မန္တလေးတိုင်းဒေသကြီးအတွင်း တရားမဝင်ကုန်စည်များ တင်သွင်း/ တင်ပို့မှုမရှိစေရေးအတွက် ကင်းလှည့်စစ်ဆေးစဉ် မိုင်တိုင်အမှတ် (၃၆၆/၆) မိုင်၊ တံခွန်တိုင်အဝိုင်းအနီး၌ ယာဉ်အမှတ်၊ (5M/9903) (Express) အမျိုးအစားယာဉ်အားစစ်ဆေးရာ ယာဉ်ပေါ်၌ အကောက်ခွန်မဲ့ကုန်ပစ္စည်းများ တင်ဆောင်ထားသဖြင့် အသေးစိတ်စစ်ဆေးနိုင်ရန် မန္တလေးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ ခေါ်ဆောင်ခဲ့ပြီး ၂၃-၁၂-၂၀၂၄ ရက်နေ့ ဝ၉:ဝဝ နာရီတွင် စစ်ဆေးရေးအဖွဲ့ဖြင့်စစ်ဆေးရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသော (OPPO A3X Mobile Phone) (Model-CPH2641) (Color-Ocean Blue) (4GB/ 64GB) (Packing Date - 30.10.2024) (C/O-China) (300 U) အပါအဝင်ပစ္စည်း (၂) မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ်- (၂၈ဝ,ဝဝဝ,ဝဝဝ/-) ခန့်အား အမှုတွဲဖွင့်လုစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၄ ခုနှစ် ၊ ဒီဇင်ဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၃၆၃၃၅.၉၁၉ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## ထူးခြားဖမ်းဆီးမှု





၆-၁၂-၂၀၂၄ ရက်နေ့ ၁၁:၀၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအကောက်ခွန်ဦးစီးဌာနမှူးရုံးမှ တာဝန်ကျဝန်ထမ်းများသည် မုတ္တမဆိပ်ကမ်း၌ ကော့သောင်းမှ ရန်ကုန်သို့ ဝင်ရောက်ဆိုက်ကပ်လာသော (MV. MV. Shwe Yun San )ရေယာဉ်အား စစ်ဆေးရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသော (Iron Pipe) (C/O – Not Found) (1x1000 Kg) (25 Banded) ) ခန့်မှန်းတန်ဖိုးကျပ်-(၃၁,၅၀၀,၀၀၀/-) ခန့်၊ (GI Pipe) (C/O – Not Found) (1x1000 Kg) (25 Banded) ) ခန့်မှန်းတန်ဖိုးကျပ်-(၃၄,၁၂၅,၀၀၀/-) ခန့်နှင့် အဆိုပါကုန်ပစ္စည်းများ တင်ဆောင်ထားသည့် (MV. Shwe Yun San) ရေယာဉ် (1 U) ခန့်မှန်းတန်ဖိုး ကျပ် - (၂,၃၀၀,၀၀၀,၀၀၀/-) ခန့်တို့အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၄ ခုနှစ် ၊ ဒီဇင်ဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၃၆၃၃၅.၉၁၉ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

### ထူးခြားဖမ်းဆီးမှု



၃၁-၁၂-၂၀၂၄ ရက်နေ့ ၁၁:၂၅ နာရီတွင် အိန္ဒိယနိုင်ငံသားခရီးသည် Mr. Ram Prakash Chowdhary (PP.No-Z4205378) သည် လေယာဉ်ခရီးစဉ်အမှတ် TG-301/SF-11990 ဖြင့် ထိုင်းနိုင်ငံ၊ ဘန်ကောက်မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာပြီး ၎င်းခရီးသည်၏ Baggage များအား Airside ရှိ X-Ray စက်ဖြင့် ဖြတ်သန်းစစ်ဆေးရာတွင် X-Ray ပုံရိပ်မသင်္ကာသဖြင့် ပိုင်ရှင်၏ရှေ့မှောက်တွင် ဖွင့်ဖောက်စစ်ဆေးခဲ့ရာ Baggage (၂) လုံး၏ လက်ကိုင်ကိုင်းအတွင်း၌ ထည့်သွင်း၍ သိုဝှက်သယ်ဆောင်လာသည့် စိန်ဟု ယူဆရသော အဖြူရောင်ကျောက်အပွင့် (အသေး) များ (18 Pkgs) ခန့်မှန်းအလေးချိန် (2442.98) ရတီ၊ ခန့်မှန်း (550.01) ဂရမ် ခန့်မှန်းတန်ဖိုးကျပ် - (၃,၄၂၀,၁၇၂,၀၀၀/-) ခန့်အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။